# ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်သည့် ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၉ ။]

(*Reprint —1963*)

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ တောင်သူ လယ်သမား အခွင့်အရေးကာကွယ်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တဝှမ်းလုံး၌ ချက်ခြင်း အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ''လယ်ယာမြေ'' ဆိုသည်မှာ၊ စိုက်ပျိုးရေးအတွက် အသုံးပြုသည့်၊ သို့တည်းမဟုတ် လက်ရှိထားရှိသည့် မြေကိုဆိုလိုသည်။

ရှင်းလင်းချက် ၁။ ။ထိုစကားရပ်တွင် သူ့အမျိုး အခေါ်အဝေါ်အား ဖြင့် လယ်၊ ယာ၊ ကိုင်းမြေ ဟုသော်၎င်း၊ ကြက်ပေါင်စေး၊ ခနိ၊ ဥယျာဉ်ခြံမြေဟု သော်၎င်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမာလ် စိုက်ပျိုးသည့်ခြံမြေဟု သော်၎င်း၊ ကျွန်း၊ မြေနု ကျွန်းပေါ်ဟု သော်၎င်း သတ်မှတ်သည့်မြေများပါဝင်သည်။

ရှင်းလင်းချက် ၂။ ။ထိုစကားရပ်တွင်မြို့နယ်နိမိတ်၊ကျေးရွာနယ်နိမိတ် အတွင်းရှိ လူနေအိမ်ရာများ၊ဘာသာရေးအဆောက်အဦနှင့်ဂရုစုဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေကွက်များ မပါဝင်ချေ။

ရှင်းလင်းချက် ၃။ ။ထိုစကားရပ်တွင် လယ်ယာမြေပေါ်တွင် တည်ရှိနေသည့်အဆောက်အအုံများ အကျုံးဝင်သည်။

(ခ) ''တောင်သူလယ်သမား''ဆိုသည်မှာ၊ လယ်ယာမြေကို၊ မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့်၊ မိမိလက်ဖြင့် လုပ်ကိုင်သူကို၊ သို့တည်းမဟုတ် မိမိလက်ဖြင့်အစဉ်တစိုက်လုပ်ကိုင်ခဲ့သူကို၊သို့တည်းမဟုတ် ဆိုင်ရာနှစ်တွင် လယ်ယာမြေကို၊ မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ချိန် တလျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူကို ဆိုလိုသည်။

၃။ ။(၁) တည်ဆဲ အခြားတရားဥပဒေ တရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ၊ တရားမရုံးတခုခု၏ဒီကရီ၊သို့တည်းမဟုတ် အမိန့်ဖြင့်——

(က) လယ်ယာမြေကို သော်၎င်း၊ လယ်ယာမြေလုပ်ကိုင်ရာ၌ အသုံးပြုသည့် ကျွဲ၊ နွားနှင့် ကိရိယာတန်ဆာပလာ၊ ထွန်စက်နှင့် ကိရိယာတန်ဆာပလာ၊ အခြား သက်ရှိ သက်မဲ့ ကိရိယာတန်ဆာပလာများကိုသော်၎င်း၊ လယ်ယာမြေမှ ထွက်သောပစ္စည်းများကိုသော်၎င်း၊ ဝရမ်းကပ်ခြင်း၊ သိမ်းဆည်းခြင်းမပြုရ။

(ခ) လယ်ယာမြေကို မလုပ်ကိုင်ရဟုသော်၎င်း၊ လယ်ယာမြေထဲသို့ မဝင်ရ ဟုသော်၎င်း တားဆီးခြင်းမပြုရ။

(ဂ) လယ်ယာမြေကို လုပ်ကိုင်သည့် ကျွဲ၊ နွား နှင့် ကိရိယာတန်ဆာပလာ၊ ထွန်စက်နှင့် ကိရိယာတန်ဆာပလာများကို သော်၎င်း၊ အခြားသက်ရှိ သက်မဲ့ကိရိယာတန်ဆာပလာများကိုသော်၎င်း၊ လယ်ယာမြေမှ ထွက်သော ပစ္စည်းများကိုသော်၎င်း မရွှေ့မပြောင်းရဟု၊ သို့တည်းမဟုတ် ရောင်းချသုံးစွဲ ထုခွဲခြင်းမပြုရဟု တားဆီးခြင်းမပြုရ။

(ဃ) အပိုဒ် (က) (ခ) (ဂ) ပါ ကိစ္စတခုခုနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားတဦးဦးကို ဘမ်းဆီးချုပ်နှောင်ခြင်းမပြုရ။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များသည်——

(က) အစိုးရက ရရန်ရှိသော ငွေများအတွက် အရေးယူသောကိစ္စ၊ သို့တည်းမဟုတ်

(ခ) အမွေဆက်ခံပိုင်ခွင့်နှင့် စပ်လျဉ်း၍အခြင်းဖြစ်ပွါးသည့် အတွက် အရေးယူသော ကိစ္စ၊ သို့တည်းမဟုတ်

(ဂ) ငြိမ်ဝပ်ပိပြားရေးအတွက်အစိုးရကအရေးယူသည့်ကိစ္စနှင့်မသက်ဆိုင်စေရ။

(၃) ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များသည်၊ ကြက်ပေါင်စေးစိုက်ပျိုးသည့် မြေများနှင့် မသက်ဆိုင်စေရ။